စဉ် ၅ / ၈.၁၀.၂၀၂၄

တရားမပုံစံအမှတ် ၉၄

ရောင်းချရန်ကြော်ငြာစာ

တရားမကျင့်ထုံးဥပဒေအမိန့်-၂၁၊ နည်းဥပဒေ-၆၆

## မန္တလေးတိုင်းဒေသကြီးတရားလွှတ်တော်

## ၂၀၁၉ ခုနှစ်၊ တရားမဇာရီမှုအမှတ် - ၉

| | | |
|---|---|---|
| မြန်မာ့ရွှေ့ဆောင်ဘဏ်လီမိတက် (မန္တလေးဘဏ်ခွဲ-၃)၊ (၎င်းကိုယ်စား ဒေါ်ဥမ္မာလွင်၊ ဘဏ်ခွဲတာဝန်ခံ) | နှင့် | ၁။ဦးစိုးနိုင်<br>၂။ဒေါ်အေးအေးခိုင်<br>(၎င်းတို့၏အခွင့်ရကိုယ်စားလှယ်ဦးနေမျိုးအောင်) |
| **ဒီကရီအနိုင်ရသူ** | | **တရားရှုံးများ** |

မန္တလေးတိုင်းဒေသကြီးတရားလွှတ်တော်၊ တရားမကြီးမှုအမှတ် **၂၇/၂၀၁၈** အမှုတွင် အနိုင်ဒီကရီကို အတည်ပြုဆောင်ရွက်ရန်အတွက် အောက်တွင်ဖော်ပြထားသောပစ္စည်းကို **၂၀၂၄** ခုနှစ်၊ **ဖေဖော်ဝါရီ** လ၊ **၁၉** ရက်၊ (**၁၃၈၅** ခုနှစ်၊ **တပို့တွဲလဆန်း (၁၀) ရက်** ) နေ့ နံနက် **၁၀:၀၀** နာရီတွင် ၎င်းပစ္စည်းတည်ရှိရာအရပ်၌ လေလံတင်ရောင်းချလိမ့်မည်။ ကိုယ်တိုင်သော်လည်းကောင်း၊ တရားဝင် လွှဲအပ်သည့် ကိုယ်စားလှယ်ဖြင့်သော်လည်းကောင်း၊ လေလံဆွဲဝယ်ယူနိုင်ကြောင်း ကြေညာလိုက်သည်။

## လေလံရောင်းချမည့်စည်းကမ်းချက်များ

၁။ ပစ္စည်းစာရင်းတွင် ဖော်ပြထားသော အချက်အလက်များမှာ တရားနိုင်က တရားရုံးသို့ တင်ပြချက်အရ သိရသမျှဖြစ်သည်။ မှားယွင်းခြင်း၊ ကြွင်းကျန်ခြင်း တစ်စုံတစ်ရာပေါ်ပေါက်ပါက တရားရုံးက တာဝန်ယူမည် မဟုတ်ပါ။တရားရှုံး၏အကျိုးသက်ဆိုင်သမျှကိုသာ ရောင်းချလိမ့်မည့်အကြောင်း၊ လေလံဆွဲဝယ်မည့်သူတို့အား အထူးသတိပြုရန်နှိုးဆော်လိုက်သည်။

၂။ လေလံတင်ရောင်းချသည့် နည်းစနစ်ကို ရောင်းချသူအရာရှိက သတ်မှတ်သည့်အတိုင်း ရောင်းချမည်ဖြစ်သည်။

၃။ ဈေးနှုန်းအမြင့်ဆုံးဝယ်ယူသူအား လေလံဆွဲဝယ်ယူသူအဖြစ် သတ်မှတ်မည်။ သို့သော် အမြင့်ဆုံး ပေးသည့်ဈေးနှုန်းမှာရောင်းချသည့် ပစ္စည်းအတွက် လက်ခံရန်မသင့်ကြောင်း ရောင်းချသူ အရာရှိက ထင်မြင်လျှင် လက်မခံဘဲ ငြင်းပယ်ပိုင်ခွင့်ရှိသည်။

၄။ လေလံတင်ရောင်းချပြီး မရွှေ့မပြောင်းနိုင်သော ပစ္စည်းအတွက် လေလံဆွဲဝယ်သူက ငွေကျပ် ၁၀၀ လျှင် ၂၅ ကျပ်ကို လေလံဆွဲဝယ်ယူပြီးသည်နှင့် တစ်ပြိုင်နက် နေ့ချင်းပေးသွင်းရမည်။ ထိုသို့ ပေးသွင်းခြင်း မပြုလျှင် တစ်ဖန် ပြန်လည် လေလံတင်ရောင်းချလိမ့်မည်။

၅။ လေလံဆွဲဝယ်ယူသူများသည် ရောင်းချသည့်အရာရှိက သတ်မှတ်ထားသည့်စပေါ်ငွေ ကိုတင်သွင်း မှ သာ လေလံဆွဲဝယ်ယူခွင့်ရှိရမည်။

၆။ လေလံဆွဲဝယ်ယူရရှိသူသည် ၂၅ ရာခိုင်နှုန်းနေ့ချင်းပေးသွင်းပြီးနောက် ကျန်ငွေများကို လေလံတင်ရောင်းချသည့်နေ့ကိုပယ်၍ ၁၅ ရက်မြောက်နေ့ ရုံးဆင်းချိန်မတိုင်မီ ပေးဆောင်ရမည်။ ၁၅ ရက်မြောက်သည့်နေ့သည် ရုံးပိတ်ရက်ဖြစ်လျှင် ပထမရုံးဖွင့်သည့်နေ့တွင် အပြေအကျေပေးသွင်းရမည်။

၇။ လေလံကျန်ငွေများကို အထက်ပါနေ့ရက်များကိုပေးဆောင်ရန်ပျက်ကွက်ပါက ပစ္စည်းကို တစ်ဖန် လေလံတင်ရောင်းချလိမ့်မည်။ ပေးသွင်းထားသည့် လေလံငွေများကို ဘဏ္ဍာအဖြစ် သိမ်းဆည်းခြင်းခံရမည်။

**၂၀၂၄** ခုနှစ်၊ **ဇန်နဝါရီ** လ **၅** ရက်နေ့တွင် ဤရုံးတံဆိပ်ရိုက်နှိပ်၍ လေလံတင်ရောင်းချရန် ကြော်ငြာစာထုတ်ပေးလိုက်သည်။

၅.၁.၂၀၂၄

(ရွှေဗိုလ်ဘာအောင်)
လက်ထောက်ညွှန်ကြားရေးမှူး
မန္တလေးတိုင်းဒေသကြီးတရားလွှတ်တော်

## ပစ္စည်းစာရင်း

ကျောက်ဆည်ခရိုင်၊ တံတားဦးမြို့နယ်၊ စကားအင်းကျေးရွာအုပ်စု၊ ကွင်းအမှတ် (၁၃၂၆/ဝတ္တကံအရှေ့)၊ ဦးပိုင်အမှတ်(၁၃၅/၂၈၆-ဃ)(၁၃၅-ဃ+၁၃၅/၂၈၆-ခ)(၁၃၅/၂၈၆-က)(၁၃၂-ဇ+၁၃၅/၂၈၄-င) (၁၃၂-ဆ) (၁၃၀+၁၃၂-စ)(၁၃၅/၂၈၆-င)(၁၃၅-ခ+၁၃၅/၂၈၄-ဃ)(၁၃၅-က+၁၃၅/၂၈၄-ခ)(၁၃၅/၂၈၄-က) စုစုပေါင်းဧရိယာ (၉.၇၆)ဧကရှိ ဦးစိုးနိုင်အမည်ပေါက်တွဲလျက် ဂရန်မြေ (၁၀)ကွက်နှင့် မြေကွက်များပေါ်ရှိ အကျိုးခံစားခွင့်များအားလုံး။

**လေလံကြမ်းခင်းဈေး - ကျပ်သိန်း(၄၄၀၀၀) (ကျပ်သိန်း လေးသောင်း လေးထောင် တိတိ)**

**အရောင်းကြော်ငြာပြန်သွင်းရန်ရက် - ( ၁၇.၁.၂၀၂၄)**

**ကြော်ငြာကပ်ရန်**
၁။ မန္တလေးတိုင်းဒေသကြီးတရားလွှတ်တော်ရုံး ကြော်ငြာသင်ပုန်း ။
၂။ တံတားဦးမြို့နယ်တရားရုံး ကြော်ငြာသင်ပုန်း။
၃။ အချင်းဖြစ်ပစ္စည်းတည်ရှိရာ ရပ်ကွက်အုပ်ချုပ်ရေးမှူးရုံး ကြော်ငြာသင်ပုန်း။
၄။ အချင်းဖြစ်ပစ္စည်းများတည်ရာရှိရာနေရာများ။
၅။ ရုံးလက်ခံ။